**ငှားရမ်းခ ပေးချေရန် ပျက်ကွက်ခြင်းကြောင့် ဥပဒေအရနှင်ထုတ်ခြင်း ဆိုင်ရာသတင်းအချက်အလက်များ**

(Eviction Information For non-payment for rent)

**သင်၏အခွင့်အရေးများကိုသိပါ** (Know Your Rights)

အိုင်အိုဝါ၌ ဆိုင်းငံ့ထားသည့် ဥပဒေအရ နှင်ထုတ်ခြင်းအား ၂၀၂၀ ခုနှစ်၊ မေလ ၂၇ နေ့ရက်၌ အဆုံးသတ်လိုက်ပြီဖြစ်သည်။ အိမ်ငှါးတစ်ဦး၏အခွင့်အရေးများနှင့် ပတ်သက်၍ သိသင့်သည့် အချက်အလက်များအား အောက်တွင်ဖော်ပြထားပါသည်။

အကယ်၍ သင်၏အိမ်ရှင်မှ သင့်အား -

- အိမ်မှပြောင်းရွှေ့ရန် ပြောဆိုခဲ့လျှင်၊ (သို့)
- ငှားရမ်းမှုသဘောတူညီချက်အား သက်တမ်းတိုးခြင်းမရှိသဖြင့် အိမ်မှပြောင်းရွှေ့ပေးရန် လိုအပ်သည်ဟု ပြောဆိုလာခဲ့လျှင် ၊ (သို့)
- အုပ်ချုပ်ရေးမှူးမှ နှင်ထုတ်ခြင်းဆိုင်းငံ့ထားမှုကိုရုပ်သိမ်းလိုက်သောကြောင့် အိမ်မှပြောင်းရွှေ့ပေးရမည်ဟုပြောဆိုလာခဲ့လျှင်၊

သင် အိမ်မှ ပြောင်းရွှေ့ပေးရန် <u>မလိုပါ</u>။

တရားသူကြီးတစ်ဦးတည်းသာ အိမ်ငှားကို တရားဝင်နှင်ထုတ်ခြင်းပြုနိုင်သည်။

**အိုင်အိုဝါ ဥပဒေမှ ပြဋ္ဌာန်းထားသောလိုအပ်ချက်များ** (IOWA LAW REQUIRES)

အိမ်ငှားခကိုအချိန်မီမပေးသောအိမ်ငှားအား အိမ်ရှင်မှ အသိပေး/အကြောင်းကြားစာ (notice) ပေးရမည်။

၁။ အကြောင်းကြားစာသည် စာဖြင့်ရေးသားရမည်။

၂။ အိမ်ငှားခကို (၃) ရက်အတွင်း ပေးဆောင်ခြင်းမပြုလျှင် အိမ်ငှားစာချုပ် ရပ်စဲသွားမည်ဟု အသိပေးစာတွင် ဖော်ပြထားရမည်။

၃။ ဤအသိပေး/အကြောင်းကြားစာကို သင့်အား သင့်လျှော်သောနည်းလမ်းဖြင့် စနစ်တကျပေးခြင်း ဖြစ်ရမည်။

၄။ ဤ (၃) ရက်တာကာလသည် သင့်အား ၎င်း (၃) ရက်အတွင်းအိမ်ငှားခပေးနိုင်ရန် အချိန်ပေးခြင်း ဖြစ်သည်။

၅။ သုံးရက်အတွင်းအိမ်ငှားခကို အပြည့်အဝ ပေးချေနိုင်ပါက အိမ်ရှင်မှသင့်အား တရားဝင်နှင်ထုတ်ခြင်း မပြုနိုင်ပါ။

**အရေးကြီးသောအချက်အလက်များ** (IMPORTANT FACTS)

အိမ်ငှားရမ်းခအား (၃) ရက်အတွင်း မပေးနိုင်လျှင် သင်သည်ချက်ချင်းအိမ်မှပြောင်းရွှေ့ပေးရန် မလိုအပ်ပါ။

အိမ်ရှင်မှ တရားဝင်နှင်ထုတ်ခြင်းပြုလုပ်နိုင်ရန် တရားရုံးသို့ အမှုဖွင့်ရမည်ဖြစ်သည်။

တရားသူကြီးတစ်ဦးတည်းသာ အိမ်ငှားကို တရားဝင်နှင်ထုတ်ခြင်းပြုနိုင်သည်။

**အရင်းအမြစ်များ** (RESOURCES)

IOWA LEGAL AID

Iowa Legal Aid (အိုင်အိုဝါ ဥပဒေဆိုင်ရာအကူအညီ) သည် နှင်ထုတ်ခြင်းနှင့် ရင်ဆိုင်နေရသည့် ဝင်ငွေနည်းသော အိုင်အိုဝါပြည်သူ/သား (Iowans) များကို အကူအညီပေးနေပါသည်။

Iowa Legal Aid မှအကူအညီရယူနိုင်ရန် -

- ၈၀၀-၅၃၂-၁၂၇၅ ကို ခေါ်ပါ။
- အသက် ၆၀ နှင့်အထက် အိုင်အိုဝါ ပြည်သူ/သားများသည် ၈၀၀-၉၉၂-၈၁၆၁ ကို ခေါ်ပါ။
- www. Iowalegalai.org တွင် အွန်လိုင်းဖြင့် လျှောက်လွှာတင်ပါ။

HOME INC.

HOME Inc သည် နေအိမ်မှ ပြောင်းရွှေ့ရန်နှင်ထုတ်ခြင်း (သို့) သင်အပေါင်ထားသည့် အိမ်တစ်လုံးကို ဆုံးရှုံးခြင်းကို ရင်ဆိုင်နေရသူများအား လျှို့ဝှက်အကြံပေးခြင်း (confidential counseling) များဖြင့် အခမဲ့ကူညီပေးနေပါသည်။

- ၅၁၅-၂၄၃-၁၂၇၇ ကို ခေါ်ပါ။
- HOME, Inc. လက်စွဲစာအုပ်ကိုဖတ်ပါ။

EMBARC သည် ရွှေ့ပြောင်းနေထိုင်သူများနှင့်ဒုက္ခသည်များ၏ ဘာသာစကားအခက်အခဲအတွက် လူနည်းစုသုံး ဘာသာစကားပေါင်း ၂၄ ခုကျော်ကိုပံ့ပိုးပေးသော ဖုန်း (၁၀) လိုင်းမှတစ်ဆင့် တိုက်ရိုက်ဝန်ဆောင်မှုများ ပေးနေပါသည်။

- Burmese - 515.207.9442
- Chin Dialects - 515.216.0974
- French - 515.216.0654
- Karen - 515.216.0143
- Karenni - 515.216.0712
- Kirundi - 515.207.9614
- Kunama - 515.216.0745
- Lingala - 515.216.4329
- Spanish - 515.344.3936
- Swahili - 515.216.0611